STATISTICAL BULLETIN

# ပြည်သူ့လွှတ်တော်ရုံး
# သုတေသနဌာန

ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၁ ရက်

# COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ

ဤ Statistical Bulletin တွင် COVID-19 ရောဂါ စတင်ဖြစ်ပွားချိန် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလမှ ၁၆-၈-၂၀၂၀ ရက်နေ့အထိ COVID-19 ကပ်ရောဂါ ဖြစ်ပွားမှုအခြေအနေများအား နိုင်ငံအလိုက်၊ ဒေသအလိုက် ဖော်ပြထားပါသည်။ မြန်မာနိုင်ငံ၏ COVID-19 ဖြစ်ပွားမှုအခြေအနေကို နေ့အလိုက်သော်လည်းကောင်း၊ အုပ်စုလိုက်ခွဲခြား၍သော်လည်းကောင်း ဖော်ပြထားပါသည်။ ဤ Statistical Bulletin မတိုင်မီ ၁၅-၇-၂၀၂၀ ရက်နေ့အထိ COVID-19 ကပ်ရောဂါဖြစ်ပွားမှုအခြေအနေများအား စတုတ္ထပိုင်းအထိ ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။

ယခုပဉ္စမအကြိမ် COVID-19 ရောဂါဖြစ်ပွားမှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်စာတမ်းတိုတွင် ကမ္ဘာ့အဖြစ်အများဆုံး၊ သေဆုံးမှုအများဆုံး (၁၀) နိုင်ငံ၏ အတက်အကျ အပြောင်းအလဲ၊ ရောဂါပြန်လည်ဖြစ်ပွားလာမှုနှင့် ကင်းစင်လာသောနိုင်ငံများ၊ မြန်မာနိုင်ငံနှင့် အိမ်နီးချင်း (၃) နိုင်ငံတို့၏ ရောဂါဖြစ်ပွားမှု၊ အသစ်ထပ်မံဖြစ်ပွားနေသောအရှေ့တောင်အာရှနိုင်ငံ (၂) နိုင်ငံ၏ အခြေအနေများအား တင်ပြထားပါသည်။

**Statistical Bulletin အမှတ်စဉ် - (၂၂)**

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၃ |
| ၂။ | ကမ္ဘာတစ်ဝန်းတွင် COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ | ၄ |
| ၃။ | ကမ္ဘာတစ်ဝန်းတွင် COVID-19 နေ့စဉ်ဖြစ်ပွားမှုနှင့်သေဆုံးမှုအခြေအနေ (၁-၁-၂၀၂၀ မှ ၁၆-၈-၂၀၂၀ ထိ) | ၅ |
| ၄။ | ကမ္ဘာတစ်ဝန်းတွင် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအများဆုံး (၁၀) နိုင်ငံ | ၆ |
| ၅။ | ကမ္ဘာတစ်ဝန်းတွင် ရောဂါဖြစ်ပွားမှုအများဆုံး (၅) နိုင်ငံ၏နေ့အလိုက် ဖြစ်ပွားမှု အခြေအနေ (၁၆-၇-၂၀၂၀ မှ ၁၆-၈-၂၀၂၀ ထိ) | ၇ |
| ၆။ | ကမ္ဘာတစ်ဝန်းတွင် သေဆုံးမှုအများဆုံး (၅) နိုင်ငံ၏နေ့အလိုက်သေဆုံးမှုအရေအတွက် မြင့်မားလာမှုအခြေအနေ(၁၆-၇-၂၀၂၀ မှ ၁၆-၈-၂၀၂၀ ထိ) | ၈ |
| ၇။ | ကမ္ဘာ့ဒေသအလိုက် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအခြေအနေ (စတင်ဖြစ်ပွားချိန်မှ ၁၆-၈-၂၀၂၀ ထိ) | ၉ |
| ၈။ | ကမ္ဘာတစ်ဝန်း COVID-19 ရောဂါကင်းစင်ရာမှ ပြန်လည်ဖြစ်ပွားလာသောနိုင်ငံများ (၁၆-၇-၂၀၂၀ မှ ၁၆-၈-၂၀၂၀ ထိ) | ၁၀ |
| ၉။ | ကမ္ဘာတစ်ဝန်း COVID-19 ရောဂါကင်းစင်နိုင်ငံများ(စတင်ဖြစ်ပွားချိန်မှ ၁၆-၈-၂၀၂၀ ထိ) | ၁၁ |
| ၁၀။ | အာဆီယံနိုင်ငံများတွင် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအခြေအနေ (စတင်ဖြစ်ပွားချိန်မှ ၁၆-၈-၂၀၂၀ ထိ) | ၁၂ |
| ၁၁။ | အာဆီယံနိုင်ငံများအနက် COVID-19 ရောဂါဖြစ်ပွားမှုအများဆုံး (၅) နိုင်ငံ၏နေ့အလိုက် တိုးတက်ဖြစ်ပွားမှုအခြေအနေ(၁၆-၇-၂၀၂၀ မှ ၁၆-၈-၂၀၂၀ ထိ) | ၁၃ |
| ၁၂။ | အာဆီယံနိုင်ငံများအနက် သေဆုံးမှုအများဆုံး (၂) နိုင်ငံ၏နေ့အလိုက် သေဆုံးမှု အရေအတွက် မြင့်မားနေမှုအခြေအနေ (၁၆-၇-၂၀၂၀ မှ ၁၆-၈-၂၀၂၀ ထိ) | ၁၄ |
| ၁၃။ | မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံ (၃) နိုင်ငံတို့၏ COVID-19 ဖြစ်ပွားမှု | ၁၅ |
| ၁၄။ | မြန်မာနိုင်ငံတွင် နေ့အလိုက် COVID-19 ဖြစ်ပွားမှု (၁၆-၇-၂၀၂၀ မှ ၁၆-၈-၂၀၂၀ ထိ) | ၁၆ |
| ၁၅။ | မြန်မာနိုင်ငံအတွင်းနိုင်ငံခြားပြန်များမှကူးစက်မှုများ(၂၃-၃-၂၀၂၀ မှ ၁၅-၇-၂၀၂၀ ထိ) | ၁၇ |
| ၁၆။ | နိဂုံး | ၁၈ |

**နိဒါန်း**

ကမ္ဘာနှင့်တစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၁ သန်းကျော်နှင့် သေဆုံးသူ ၇ သိန်းကျော် ရောက်ရှိလာ၍ လာမည့်လများအတွင်း ကမ္ဘာ့နိုင်ငံများအားလုံး ကိုဗစ်-၁၉ နှင့်အသားကျသော နေထိုင်မှုပုံစံဖြင့် နေထိုင်ကြရန် အရေးကြီးကြောင်း၊ ကိုဗစ်-၁၉ ကို ဆန့်ကျင်တိုက်ဖျက်ရာတွင် နိုင်ငံအများစုတွင် တိုးတက်မှုများရှိသော်လည်း ကပ်ရောဂါကူးစက်မှုသည် ကမ္ဘာလုံးအတိုင်းအတာ တွင် အရှိန်အဟုန်ဖြင့် ဆက်လက်ကူးစက်ပျံ့နှံ့လျက်ရှိနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တက်ဒရော့စ်အက်ဒါနွန်ဂီဘရီယက်စ်ဆုစ်က ပြောကြားခဲ့ပါသည်။ [1]

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် တရုတ်နိုင်ငံအလယ်ပိုင်း ဝူဟန်မြို့တွင် အစပြုခဲ့သော ကိုရိုနာဗိုင်းရပ်ရောဂါဖြစ်ပွားမှုအား ၃၀-၁-၂၀၂၀ ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးအရေးပေါ် အခြေအနေ (Public Health Emergency Concern) အဖြစ်လည်းကောင်း၊ ၂၇-၂-၂၀၂၀ ရက်နေ့ တွင် ရောဂါကူးစက်ပျံ့နှံ့နိုင်မှုနှုန်းအပေါ်မူတည်၍ တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် အလွန် မြင့်မားကြောင်း (Very High) အဖြစ်လည်းကောင်း၊ ၁၁-၃-၂၀၂၀ ရက်နေ့တွင် ကမ္ဘာ့ကပ်ရောဂါ (Pandemic) အဖြစ်လည်းကောင်း သတ်မှတ်ခဲ့ပါသည်။ ထို့ပြင် ယခုရက်များအတွင်း COVID-19 ဗိုင်းရပ်မျိုးရိုးဗီဇပြောင်းလဲခြင်းနှင့် မျိုးစိတ်အသစ်တစ်ခုထပ်မံတွေ့ရှိရပြီး တရုတ်နိုင်ငံအပါအဝင် အရှေ့တောင်အာရှဒေသသို့ ၎င်းမျိုးစိတ်များပျံ့နှံ့ရောက်ရှိမှုသတင်းများလည်း ဖြစ်ပေါ်လျက်ရှိပါ သည်။


မြန်မာနိုင်ငံတွင် ၂၃-၃-၂၀၂၀ ရက်နေ့မှစ၍ ဓာတ်ခွဲအတည်ပြုလူနာ (၂) ဦး စတင် တွေ့ရှိခဲ့ရာမှစ၍ ၁၆-၈-၂၀၂၀ ရက်နေ့ထိ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၃၇၅) ဦး၊ ပြန်လည် ကောင်းမွန်လာသူ (၃၂၁) ဦးနှင့် သေဆုံးသူ (၆) ဦးရှိကြောင်း တွေ့ရှိရပါသည်။

[1] အနာဂတ်တွင် ကိုဗစ်-၁၉နှင့်အသားကျသောနေထိုင်မှုပုံစံဖြင့်နေထိုင်ကြရမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲပြော၊ စာမျက်နှာ-၁၂၊ ၁-၇-၂၀၂၀ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှ ရရှိပါသည်။

## ကမ္ဘာတစ်ဝန်းတွင် COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ

ကပ်ရောဂါစတင်ဖြစ်ပွားချိန်မှ ၁၆-၈-၂၀၂၀ ရက်နေ့ထိ ကမ္ဘာတစ်ဝန်းတွင် COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေကို ဖော်ပြပါ bar Chart ဖြင့် တင်ပြထားပါသည်-

**ကမ္ဘာတစ်ဝန်းတွင် COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ**
**(စတင်ဖြစ်ပွားချိန်မှ ၁၆-၈-၂၀၂၀ ထိ)**





Source: https://www.worldometers.info/coronavirus/

**ကမ္ဘာတစ်ဝန်းတွင် COVID–19 နေ့စဉ်ဖြစ်ပွားမှုနှင့်သေဆုံးမှုအခြေအနေ (၁–၁–၂၀၂၀ မှ ၁၆–၈–၂၀၂၀ ထိ)**

ကမ္ဘာတစ်ဝန်းတွင် COVID–19 နေ့စဉ်ဖြစ်ပွားမှုနှင့်သေဆုံးမှုအခြေအနေကို Line Chart ဖြင့်တင်ပြထားပါသည်–

**ကမ္ဘာတစ်ဝန်း COVID–19 နေ့စဉ်ဖြစ်ပွားမှုနှင့်သေဆုံးမှုအခြေအနေ**





**https://ourworldindata.org/coronavirus-data**

၁–၁–၂၀၂၀ ရက်နေ့မှ ၁၆–၈–၂၀၂၀ ရက်နေ့အထိ ကမ္ဘာတစ်ဝန်းတွင် COVID–19 နေ့စဉ်ဖြစ်ပွားမှုနှင့်သေဆုံးမှုမှာ ရက်အလိုက် မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

## ကမ္ဘာတစ်ဝန်းတွင် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအများဆုံး (၁၀) နိုင်ငံ

ကမ္ဘာတစ်ဝန်းတွင် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအများဆုံး (၁၀) နိုင်ငံ၏ အခြေအနေကို Bar Chart ဖြင့်တင်ပြထားပါသည်-

ကမ္ဘာတစ်ဝန်းတွင် COVID-19 ရောဂါ ဖြစ်ပွားမှုနှင့်သေဆုံးမှုအများဆုံး (၁၀) နိုင်ငံ




Source: World Health Organization, Coronavirus disease 2019 Situation Report– 209


ကပ်ရောဂါစတင်ဖြစ်ပွားချိန်မှ ၁၆-၈-၂၀၂၀ ရက်နေ့ထိ ကမ္ဘာတစ်ဝန်းတွင် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအများဆုံး (၁၀) နိုင်ငံအနက် **အမေရိကန်နိုင်ငံ**သည် ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုတွင် အမြင့်ဆုံးဖြစ်ပြီး ကိုရိုနာဗိုင်းရပ်စ်ရောဂါ အဆိုးရွားဆုံးခံစားနေရသည့်နိုင်ငံ တစ်နိုင်ငံ ဖြစ်နေဆဲဖြစ်သည်ကိုတွေ့ရှိရပါသည်။

ယခင်အပတ်ထုတ်ဝေခဲ့သော ၁၅-၇-၂၀၂၀ ရက်နေ့ထိ ရောဂါဖြစ်ပွားမှုအများဆုံး (၁၀) နိုင်ငံ စာရင်းတွင် **ယူနိုက်တက်ကင်းဒမ်းနိုင်ငံ**ပါဝင်ခဲ့ပါသည်။ ၁၆-၈-၂၀၂၀ ရက်နေ့ထိ ရောဂါဖြစ်ပွားမှု အများဆုံး (၁၀) နိုင်ငံစာရင်းတွင် **ကိုလမ်ဘီယာနိုင်ငံ** ပါဝင်လာပြီး **ယူနိုက်တက်ကင်းဒမ်းနိုင်ငံ** ပါဝင်ခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ **တောင်အာဖရိကနိုင်ငံ**သည် ကမ္ဘာတစ်ဝန်း ရောဂါဖြစ်ပွားမှု အဆင့် (၉) မှ ယခုလက်ရှိတွင် အဆင့် (၅) သို့မြင့်တက်လာခဲ့ပါသည်။

## ကမ္ဘာတစ်ဝန်းတွင် ရောဂါဖြစ်ပွားမှုအများဆုံး (၅) နိုင်ငံ၏နေ့အလိုက် ဖြစ်ပွားမှုအခြေအနေ (၁၆-၇-၂၀၂၀ မှ ၁၆-၈-၂၀၂၀ ထိ)

ရောဂါဖြစ်ပွားမှု အများဆုံး (၅) နိုင်ငံ၏ နေ့အလိုက် ဖြစ်ပွားမှုအခြေအနေအား Line Chart ဖြင့် တင်ပြထားပါသည်-

**ကမ္ဘာတစ်ဝန်းတွင်  COVID-19 ရောဂါဖြစ်ပွားမှုအများဆုံး (၅) နိုင်ငံ၏နေ့အလိုက်ဖြစ်ပွားမှုအခြေအနေ**





Source: Ministry of Health and Sports (Myanmar)

ဖော်ပြပါအချက်အလက်များအရ အမေရိကန်နိုင်ငံ၊ ဘရာဇီးနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ရောဂါဖြစ်ပွားမှုအခြေအနေမှာ သိသိသာသာ မြင့်တက်လျက်ရှိပြီး ကျန်နိုင်ငံများ၏ရောဂါဖြစ်ပွားမှုအခြေအနေမှာ ပုံမှန်အတိုင်း မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

**ကမ္ဘာတစ်ဝန်းတွင် သေဆုံးမှုအများဆုံး (၅) နိုင်ငံ၏နေ့အလိုက်သေဆုံးမှုအရေအတွက်မြင့်မားလာမှုအခြေအနေ (၁၆-၇-၂၀၂၀ မှ ၁၆-၈-၂၀၂၀ ထိ)**

COVID-19 ရောဂါကြောင့် သေဆုံးမှုအများဆုံး (၅) နိုင်ငံ၏နေ့အလိုက်သေဆုံးမှုအရေအတွက်မြင့်မားလာမှုအခြေအနေအား Line Chart ဖြင့် တင်ပြထားပါသည်-

**ကမ္ဘာတစ်ဝန်းတွင် သေဆုံးမှုအများဆုံး (၅) နိုင်ငံ၏နေ့အလိုက်သေဆုံးမှုအရေအတွက် မြင့်မားလာမှုအခြေအနေ**





Source: Ministry of Health and Sports (Myanmar)

ဖော်ပြပါ အချက်အလက်များအရ အမေရိကန်နိုင်ငံ၊ ဘရာဇီးနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင် သေဆုံးမှုသည် နေ့အလိုက်မြင့်တက်ဆဲဖြစ်ပြီး ကျန်နိုင်ငံများတွင် သေဆုံးမှုသည် နေ့အလိုက်တဖြည်းဖြည်းမြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

**ကမ္ဘာ့ဒေသအလိုက် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအခြေအနေ (စတင်ဖြစ်ပွားချိန်မှ ၁၆-၈-၂၀၂၀ ထိ)**

ကမ္ဘာ့ဒေသအလိုက် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအခြေအနေကို Bar Chart ဖြင့် တင်ပြထားပါသည်-




Source: World Health Organization, Coronavirus disease 2019 Situation Report– 209

ကပ်ရောဂါစတင်ဖြစ်ပွားချိန်မှ ၁၆-၈-၂၀၂၀ ရက်နေ့ထိ ကမ္ဘာ့ဒေသအသီးသီး၏ COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအခြေအနေတွင် အမေရိကဒေသတွင် အမြင့်ဆုံးဖြစ်ပြီး အနောက်ပစိဖိတ်ဒေသတွင်အနိမ့်ဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။

ယခင်စတုတ္ထအကြိမ်ထုတ်ဝေသောစာတမ်းတို့တွင် အရှေ့တောင်အာရှဒေသသည် ရောဂါဖြစ်ပွားမှု စတုတ္ထအဆင့်မှ ယခုအခါတွင် တတိယအဆင့်သို့မြင့်တက်လာခဲ့သည်ကို တွေ့ရှိရပါသည်။

**ကမ္ဘာတစ်ဝန်း COVID-19 ရောဂါကင်းစင်ရာမှ ပြန်လည်ဖြစ်ပွားလာသောနိုင်ငံများ (၁၆-၇-၂၀၂၀ မှ ၁၆-၈-၂၀၂၀ ထိ)**

၁၆-၇-၂၀၂၀ မှ ၁၆-၈-၂၀၂၀ ကာလအထိ ကမ္ဘာတစ်ဝန်း COVID-19 ရောဂါကင်းစင်ရာမှ ပြန်လည်ဖြစ်ပွားလာသောနိုင်ငံများ၏ဖြစ်ပွားမှုအခြေအနေကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

| စဉ် | နိုင်ငံ | ပြန်လည်ဖြစ်ပွားလာခြင်းအရေအတွက် | ထပ်မံသေဆုံးမှု |
|---|---|---|---|
| ၁။ | ဖာရိုးကျွန်းများ | ၁၈၄ | - |
| ၂။ | ဘရူနိုင်း | ၁ | - |
| ၃။ | စင်္ကာပူ... | | |
| ၃။ | စင့်မာတင် | ၃၁ | ၁ |
| ၄။ | ကျူရေးကိုးစ် | ၉ | - |
| ၅။ | တီမော | ၁ | - |
| ၆။ | ဂရီနေဒါ | ၁ | - |
| ၇။ | နယူးကယ်လီဒိုနီးယား | ၂ | - |
| ၈။ | လာအို | ၃ | - |
| ၉။ | ကာရစ်ဘီယံနယ်သာလန် | ၆ | - |
| ၁၀။ | စိန့်ဘာသယ်လ်မီ | ၇ | - |
| ၁၁။ | ဗြိတိသျှကျွန်းငယ်များ | ၁ | -[2] |

**ယခင်**စတုတ္ထအကြိမ်ထုတ်ဝေသော COVID-19 ရောဂါဖြစ်ပွားမှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်စာတမ်းတိုတွင် ရောဂါကင်းစင်နိုင်ငံ (၁၇) နိုင်ငံအနက် ယခုလက်ရှိတွင် အထက်ဖော်ပြပါ (၁၁) နိုင်ငံမှာ ရောဂါပြန်လည်ဖြစ်ပွားသည်ကို တွေ့ရှိရပါသည်။

[2] https://www.worldometers.info/coronavirus/ မှ ရရှိပါသည်။

**ကမ္ဘာတစ်ဝန်း COVID-19 ရောဂါကင်းစင်နိုင်ငံများ (စတင်ဖြစ်ပွားချိန်မှ ၁၆-၈-၂၀၂၀ ထိ)**

ကပ်ရောဂါစတင်ဖြစ်ပွားချိန်မှ ၁၆-၈-၂၀၂၀ ရက်နေ့အထိ ကမ္ဘာတစ်ဝန်း COVID-19 ရောဂါကင်းစင်လာသည့်နိုင်ငံ (၁၂) နိုင်ငံ၏အခြေအနေကို အောက်ပါအတိုင်းဖော်ပြထားပါသည်-

| စဉ် | နိုင်ငံ | ရောဂါဖြစ်ပွားသူ | သေဆုံးသူ | ပြန်လည်ကောင်းမွန်သူ |
|---|---|---|---|---|
| ၁။ | ဆန်မာရီနို | ၆၉၉ | ၄၂ | ၆၅၇ |
| ၂။ | မန်ကျွန်း | ၃၃၆ | ၂၄ | ၃၁၂ |
| ၃။ | ကေမန်ကျွန်းစု | ၂၀၃ | ၁ | ၂၀၂ |
| ၄။ | မကာအို | ၄၆ | - | ၄၆ |
| ၅။ | စိန့်လူစီယာ | ၂၅ | - | ၂၅ |
| ၆။ | ဒိုမီနီကာ | ၁၈ | - | ၁၈ |
| ၇။ | စိန့်ကစ်နှင့်နီဗီစ် | ၁၇ | - | ၁၇ |
| ၈။ | ဂရင်းလန်း | ၁၄ | - | ၁၄ |
| ၉။ | မွန်ဆာရက် | ၁၃ | ၁ | ၁၂ |
| ၁၀။ | ဖော့ကလန်ကျွန်းစု | ၁၃ | - | ၁၃ |
| ၁၁။ | ဗာတီကန်စီးတီး | ၁၂ | - | ၁၂ |
| ၁၂။ | အန်ဂွီလာ | ၃ | - | ၃ [3] |


ကပ်ရောဂါစတင်ဖြစ်ပွားချိန်မှ ၁၆-၈-၂၀၂၀ ကာလအထိ ကမ္ဘာတစ်ဝန်းရောဂါကင်းစင်နိုင်ငံ (၁၂) နိုင်ငံ ရှိသည်ကိုတွေ့ရှိရပါသည်။ ယင်း (၁၂) နိုင်ငံတွင် ယခင်စတုတ္ထအကြိမ်ထုတ်ဝေသောစာတမ်းတိုမှ (၆) နိုင်ငံပါဝင်ပြီး (၆) နိုင်ငံမှာ ယခုအပတ်အတွင်း နောက်ထပ်အသစ် ကင်းစင်လာသောနိုင်ငံဖြစ်ပါသည်။ ယခုအပတ်အတွင်း ကင်းစင်စာရင်းဝင်သောနိုင်ငံ (၆) နိုင်ငံမှာ ဆန်မာရီနို၊ ကေမန်ကျွန်းစု၊ မကာအို၊ စိန့်လူစီယာ၊ စိန့်ကစ်နှင့်နီဗီစ်နှင့် မွန်ဆာရက်တို့ဖြစ်ပါသည်။

[3] https://www.worldometers.info/coronavirus/ မှ ရရှိပါသည်။

**အာဆီယံနိုင်ငံများတွင် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအခြေအနေ (စတင်ဖြစ်ပွားချိန်မှ ၁၆-၈-၂၀၂၀ ထိ)**

အာဆီယံနိုင်ငံများတွင် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအခြေအနေကို အောက်ပါ Bar Chart ဖြင့် ဖော်ပြထားပါသည်-

**အာဆီယံနိုင်ငံများတွင် COVID-19 ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုအခြေအနေ**




Source: World Health Organization, Coronavirus disease 2019 Situation Report- 209

ကပ်ရောဂါစတင်ဖြစ်ပွားချိန်မှ ၁၆-၈-၂၀၂၀ ရက်နေ့ထိ အာဆီယံနိုင်ငံများတွင် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအခြေအနေကို လေ့လာကြည့်ခြင်းအားဖြင့် ဖိလစ်ပိုင်နိုင်ငံသည် ရောဂါဖြစ်ပွားမှုတွင်အမြင့်ဆုံးဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံသည် သေဆုံးမှုတွင် အမြင့်ဆုံးဖြစ်နေသည်ကိုတွေ့ရှိရပါသည်။ ကမ္ဘောဒီးယားနိုင်ငံနှင့်လာအိုနိုင်ငံတို့တွင် သေဆုံးမှုမရှိကြောင်းတွေ့ရှိရပါသည်။

စတုတ္ထအကြိမ်ထုတ်ဝေသောစာတမ်းတိုတွင် ဗီယက်နမ်နိုင်ငံသည် သေဆုံးမှုမရှိသောနိုင်ငံစာရင်းဝင်ခဲ့ပြီး ဇူလိုင်လ ၃၁ ရက်နေ့တွင် ပထမဆုံးသေဆုံးမှုအဖြစ် ၂ ဦးရှိခဲ့ရာမှ ယခုအချိန်အထိ သေဆုံးသူစုစုပေါင်း ၂၃ ဦးအထိရှိသည်ကို တွေ့ရှိရပါသည်။

မလေးရှားနိုင်ငံတွင် အိန္ဒိယနိုင်ငံမှ ပြန်လာသူ မလေးရှားနိုင်ငံသားတစ်ဦးတွင် COVID-19 ဗိုင်းရပ်စ် မျိုးရိုးဗီဇပြောင်းမျိုးစိတ်အသစ်တစ်ခုတွေ့ရှိရကြောင်း သတင်းများထွက်ပေါ်နေပြီး ဖြစ်ပွားမှုမှာဆက်၍မြင့်တက်နေဆဲဖြစ်သည်ကို တွေ့ရှိရပါသည်။ မလေးရှားကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူများကို ပိုမိုဂရုစိုက်နေထိုင်သွားလာကြရန် သတိပေးနှိုးဆော်ထားပါသည်။ [4]


---

[4] The Jakarta Post , https://www.thejakartapost.com/seasia/2020/08/17/coronavirus-strain-that-is-10-times-more-infectious-detected-in-malaysia.html မှရရှိပါသည်။

**အာဆီယံနိုင်ငံများအနက် COVID-19 ရောဂါဖြစ်ပွားမှုအများဆုံး (၅) နိုင်ငံ၏နေ့အလိုက် တိုးတက်ဖြစ်ပွားမှုအခြေအနေ(၁၆-၇-၂၀၂၀ မှ ၁၆-၈-၂၀၂၀ ထိ)**

အာဆီယံနိုင်ငံများအနက် COVID-19 ရောဂါဖြစ်ပွားမှုအများဆုံး (၅) နိုင်ငံ၏နေ့အလိုက် တိုးတက်ဖြစ်ပွားမှုအခြေအနေကို Line Chart ဖြင့် တင်ပြထားပါသည်-

**အာဆီယံနိုင်ငံများအနက်ရောဂါဖြစ်ပွားမှုအများဆုံး (၅) နိုင်ငံ၏နေ့အလိုက် တိုးတက်ဖြစ်ပွားနေမှုအခြေအနေ**





Source: Ministry of Health and Sports (Myanmar)

ဖော်ပြပါ အချက်အလက်များအရ ဖိလစ်ပိုင်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ရောဂါဖြစ်ပွားမှုအခြေအနေသည် သိသိသာသာမြင့်တက်လျက်ရှိသည်ကိုတွေ့ရှိရပြီး ကျန်နိုင်ငံ၏ရောဂါဖြစ်ပွားမှုအခြေအနေမှာ ပြောင်းလဲမှုအနည်းငယ်သာရှိဖြစ်ကြောင်း တွေ့ရှိရပါသည်။

**အာဆီယံနိုင်ငံများအနက် သေဆုံးမှုအများဆုံး (၂) နိုင်ငံ၏နေ့အလိုက် သေဆုံးမှုအရေအတွက်မြင့်မားလာမှုအခြေအနေ(၁၆-၇-၂၀၂၀ မှ ၁၆-၈-၂၀၂၀ ထိ)**

အာဆီယံနိုင်ငံများအနက် သေဆုံးမှုအများဆုံး (၂) နိုင်ငံ၏နေ့အလိုက် သေဆုံးမှုအရေအတွက် မြင့်မားလာမှုအခြေအနေကို Line Chart ဖြင့် တင်ပြထားပါသည်-

**အာဆီယံနိုင်ငံများအနက် သေဆုံးမှုအများဆုံး (၂) နိုင်ငံ၏နေ့အလိုက် သေဆုံးမှုအရေအတွက် မြင့်မားနေမှုအခြေအနေ**





Source: Ministry of Health and Sports (Myanmar)

ဖော်ပြပါ အချက်အလက်များအရ အင်ဒိုနီးရှားနိုင်ငံတွင် သေဆုံးမှုသည် သိသိသာသာမြင့်တက်လျက်ရှိပြီး ဖိလစ်ပိုင်နိုင်ငံတွင် ပုံမှန်မြင့်တက်လျက်ရှိသည်ကိုတွေ့ရှိရပါသည်။

## မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံ (၃) နိုင်ငံတို့၏ COVID-19 ဖြစ်ပွားမှု

ကပ်ရောဂါစတင်ဖြစ်ပွားချိန်မှ ၁၆-၈-၂၀၂၀ ရက်နေ့အထိ မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံ (၃) နိုင်ငံတို့၏ COVID-19 ဖြစ်ပွားမှုအခြေအနေများကို Bar Chart ဖြင့်ဖော်ပြထားပါသည်-




Source: World Health Organization, Coronavirus disease 2019 Situation Report– 209

အိန္ဒိယနိုင်ငံ ⟶ ကမ္ဘာတွင်ကူးစက်မှုအဆင့် = ၃

အာရှတွင်ကူးစက်မှုအဆင့် = ၁

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ⟶ ကမ္ဘာတွင်ကူးစက်မှုအဆင့် = ၁၆

အာရှတွင်ကူးစက်မှုအဆင့် = ၅

တရုတ်နိုင်ငံ ⟶ ကမ္ဘာတွင်ကူးစက်မှုအဆင့် = ၃၄

အာရှတွင်ကူးစက်မှုအဆင့် = ၁၃

မြန်မာနိုင်ငံတွင်

၂၅-၅-၂၀၂၀ ရက်နေ့မှ ၁၆-၈-၂၀၂၀ ရက်နေ့အထိ အိန္ဒိယပြန်ကိုဗစ်လူနာ = ၇၂ ဦး

၄-၆-၂၀၂၀ ရက်နေ့မှ ၁၆-၈-၂၀၂၀ ရက်နေ့အထိ ဘင်္ဂလားဒေ့ရှ်ပြန်ကိုဗစ်လူနာ = ၁၇ ဦး


၁၁-၄-၂၀၂၀ ရက်နေ့မှ ၁၆-၈-၂၀၂၀ ရက်နေ့အထိ တရုတ်ပြန်ကိုဗစ်လူနာ = ၃ ဦး[5]

[5] https://www.mohs.gov.mm/page/9914 မှ ရရှိပါသည်။

**မြန်မာနိုင်ငံတွင် နေ့အလိုက် COVID-19 ဖြစ်ပွားမှု (၁၆-၇-၂၀၂၀ မှ ၁၆-၈-၂၀၂၀ ထိ)**

၁၆-၇-၂၀၂၀ ရက်နေ့မှ ၁၆-၈-၂၀၂၀ ရက်နေ့အထိ မြန်မာနိုင်ငံတွင် နေ့အလိုက် COVID-19 ဖြစ်ပွားမှုကို ဖော်ပြပါ Bar Chart ဖြင့် တင်ပြထားပါသည်-

**မြန်မာနိုင်ငံတွင် နေ့အလိုက် COVID-19 ဖြစ်ပွားမှု**




Source: Ministry of Health and Sports (Myanmar), Department of Public Health, Central Epidemiology Unit

၁၆-၇-၂၀၂၀ ရက်နေ့မှ ၁၆-၈-၂၀၂၀ ရက်နေ့အထိ မြန်မာနိုင်ငံတွင် နေ့အလိုက် COVID-19 ဖြစ်ပွားမှုကို လေ့လာကြည့်ပါက ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့တွင် (၈) ဦးဖြင့် ရောဂါကူးစက်မှု အမြင့်ဆုံးဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။

**မြန်မာနိုင်ငံအတွင်း နိုင်ငံခြားပြန်များမှကူးစက်မှုများ (၂၃-၃-၂၀၂၀ မှ ၁၆-၈-၂၀၂၀ ထိ)**

၂၃-၃-၂၀၂၀ ရက်နေ့မှ ၁၆-၈-၂၀၂၀ ရက်နေ့အထိ မြန်မာနိုင်ငံအတွင်း နိုင်ငံခြားပြန်များမှ ကူးစက်မှုများကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

| စဉ် | နိုင်ငံ | ကူးစက်သူဦးရေ |
|---|---|---|
| ၁။ | အမေရိကန် | ၈ |
| ၂။ | အင်္ဂလန် | ၉ |
| ၃။ | ဆွစ်ဇာလန် | ၁ |
| ၄။ | စင်ကာပူ | ၁ |
| ၅။ | ထိုင်း | ၅၆ |
| ၆။ | မလေးရှား | ၁၉ |
| ၇။ | တရုတ် | ၃ |
| ၈။ | တူရကီ | ၁ |
| ၉။ | အိန္ဒိယ | ၇၂ |
| ၁၀။ | ယူအေအီး | ၂၂ |
| ၁၁။ | အီတလီ | ၂ |
| ၁၂။ | ဘင်္ဂလားဒေ့ရှ် | ၁၇ |
| ၁၃။ | ကာတာ | ၅ |
| ၁၄။ | လာအို | ၁ |
| ၁၅။ | ဖိလစ်ပိုင် | ၅ |
| ၁၆။ | ဆူဒန် | ၁ |
| ၁၇။ | ဂျပန် | ၂ |
| ၁၈။ | ဩစတြေးလျ၊ စင်ကာပူ | ၁ |
| ၁၉။ | အမေရိကန်၊ ကိုရီးယား၊ ထိုင်း | ၂ |
| ၂၀။ | ဒူဘိုင်း၊ ထိုင်း | ၁ |
| | **စုစုပေါင်း** | **၂၂၉** |

**Source: https://mohs.gov.mm/page/9575**

မြန်မာနိုင်ငံတွင် COVID-19 ကူးစက်မှုများကို ဆန်းစစ်ကြည့်ပါက ၆၁ ရာခိုင်နှုန်းသည် ပြည်ပမှ ကူးစက်ဝင်ရောက်ခြင်းကြောင့်ဖြစ်ပါသည်။ လတ်တလောတွင် တွေ့ရှိရသော လူနာသစ်များမှာလည်း ပြည်ပနိုင်ငံမှ ကူးစက်လာခဲ့ခြင်းဖြစ်ပါသည်။ ယနေ့အထိ ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း ၁၃၂,၂၉၉ ဦးအားစစ်ဆေးခဲ့ရာတွင် စောင့်ကြည့်လူနာ ၀.၈၂ ရာခိုင်နှုန်း၊ အသွားအလာကန့်သတ်ထားရှိသူ ၀.၁၆ ရာခိုင်နှုန်းနှင့် ပိုးတွေ့လူနာဖြင့်နီးကပ်ထိတွေ့သူ ၃.၀၇ ရာခိုင်နှုန်းတွင်သာ ကိုဗစ်-၁၉ ပိုးတွေ့ရှိခဲ့ပါသည်။[6]

**နိဂုံး**

ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်ပျံ့နှံ့မှုသည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် နေ့စဉ်နှင့်အမျှ ပိုမိုဖြစ်ပွားလျက်ရှိသည်ကို တွေ့ရှိရပါသည်။ မျိုးရိုးဗီဇအသစ်ပြောင်းလဲမှုနှင့် မျိုးစိတ်အသစ်တစ်ခု တွေ့ရှိမှုနှင့်အတူ ကူးစက်မှုနှုန်းမြင့်တက်နေဆဲဖြစ်ပြီး ကမ္ဘာသူကမ္ဘာသားများ၏ လူမှုစီးပွားဘဝ ထိခိုက်နစ်နာမှုများ၊ ပျက်စီးဆုံးရှုံးမှုများဖြင့် ကြုံတွေ့ရလျက်ရှိပါသည်။ ထို့ကြောင့် ကူးစက်ပျံ့နှံ့ဖြစ်ပွားမှုအခြေအနေအရပ်ရပ်တို့အား ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် မြန်မာနိုင်ငံအပါအဝင် အဖွဲ့အစည်းများစွာတို့၏ စောင့်ကြည့်လေ့လာမှုတို့ကို စုစည်းတင်ပြထားခြင်းဖြစ်ပါသည်။ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေများကို ဆက်လက်ပြုစု၍ ရေးသားထုတ်ဝေသွားမည်ဖြစ်ပါသည်။

**သုတေသနဌာန**

**ပြည်သူ့လွှတ်တော်ရုံး**

**ဤစာတမ်းတိုအား ဒေါ်အေးအေးမူ (ဦးစီးအရာရှိ) နှင့် ဒေါ်မေဇင်အောင် (ဒု-ဦးစီးမှူး) တို့မှ တာဝန်ယူရေးသား၍ သုတေသနဌာနမှ အရာထမ်းအဆင့်ဆင့်က ဝိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။**

[6] COVID-19 ရောဂါဖြစ်ပွားမှုခြုံငုံသုံးသပ်မှုအခြေအနေ (၁၄-၈-၂၀၂၀ ရက်နေ့၊ နံနက် ၇ နာရီ) ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ရရှိပါသည်။

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။

သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅